# ViewSonic V350 smartphone




Dual SIM card ထည့်သွင်းအသုံးပြုနိုင်တဲ့ ViewSonic ရဲ့ V350 smartphone ဖြစ်ပါတယ်။ V350 ဟာ GSM/ WCDMA band တွေပေါ်မှာ အလုပ်လုပ်ပေးနိုင်ကာ SIM 1:GSM Quad-band 850/900/1800/1900 UMTS band 900/2100 နဲ့ SIM 2 : GSM Quad-band 850/900/1800/1900 ကို ထည့်သွင်းအသုံးပြုလို့ရပါတယ်။ V350 မှာ Android operating system version 2.2 ကို run ထားတာကြောင့် google ရဲ့ Android market ထဲက app တွေကို ရယူသုံးစွဲနိုင်ပြီး google maps နဲ့ mail တို့လို မရှိမဖြစ် app တွေကိုလည်း သုံးလို့ရမှာဖြစ်ပါတယ်။ V350 မှာ 600 MHz Qualcomm MSM 7227 processor နဲ့ 512 MB memory နဲ့ 32 GB အထိ support လုပ်ပေးနိုင်တဲ့ micro SD card slot တို့ကြောင့် အလုပ်လုပ်ပေးတဲ့နှုန်း မြန်ဆန်ပြီး အချက်အလက်တွေကိုလည်း အထိုက်အလျောက်တော့ များများစားစား သိမ်းဆည်းနိုင်မှာပါ။

5Mp ရှိတဲ့ rare camera က auto-focus ရပြီး dispaly screen က ၃.၅ လက်မအရွယ် 480x320 resolution နဲ့ TFT multi-touch screen ဖြစ်ပါတယ်။ အလေးချိန် ၁၂၅ ဂရမ်ရှိပြီး dimension 60.9x114x12.45 mm ရှိတဲ့ V350 ဟာ GPS/AGPS ၊ bluetooth 2.1 ၊ Wi-Fi (802.11 b/g) တို့ကိုလည်း ထောက်ပံ့ပေးနိုင်ပါတယ်။ Data transfer အတွက် micro USB port ၊ audio 3.5mm audio jack တို့ပါဝင်ကာ WVGA video 30 fps ရတဲ့ V350 မှာ အားပြန်သွင်းနိုင်တဲ့ 1400 mAH Li-Polymer battery ကို တပ်ဆင်ထားတာဖြစ်ပါတယ်။

**Royal Ayeyarwaddy CO LTD**

၃၈၄၈၅၀ ၊ ၃၈၉၃၆၆ ၊ ၃၉၄၄၉၄

# Nokia E7 handset



Nokia ရဲ့ အရောင် ၅ မျိုးနဲ့ရနိုင်တဲ့ GSM handset ဖြစ်ပါတယ်။ အရောင်တွေကတော့ အပြာ၊ မီးခိုးမှောင်မှောင်၊ အစိမ်း၊ လိမ္မော်၊ ငွေဖြူရောင်တို့ ဖြစ်ပါတယ်။ E7 ရဲ့ မျက်နှာပြင်ဟာ AMOLED touch screen ၄ လက်မအရွယ်အစားဖြစ်ပြီး 16M color ရှိကာ resolution က 360 × 640 ရှိပါတယ်။ E7 မှာ QWERTY keypad လည်းပါဝင်ပြီး auto turn-off အတွက် proximity sensor ၊ UI auto rotate အတွက် accelerometer sensor တို့ ပါဝင်ပါတယ်။

Nokia E7 မှာ 8 megapixels resolution ရှိတဲ့ fixed-focus camera ပါဝင်ပြီး geo-tagging ၊ face-detection တို့လည်း လုပ်လို့ရပါတယ်။ ပြီးတော့ dual LED flash လည်း ပါဝင်ပါတယ်။ သူ့မှာ video call တွေ ပြုလုပ်နိုင်ဖို့ camera လည်း သပ်သပ်ပါပါသေးတယ်။ E7 မှာ stereo speaker ၊ stereo FM radio (+RDS) ၊ 3.5mm audio jack နဲ့ Wi-Fi ၊ bluetooth ၊ USB ၊ A-GPS support လည်း ရှိပါတယ်။ E7 က built-in momery 16 GB ရှိပြီး talk time ၉ နာရီလောက် ထိခံတဲ့ Li-Ion 1200mAh battery ကို သုံးထားပါတယ်။

**Telechoice by Same Sky Telecom**

**Mega Mobile Store**

၀၉ ၇၃၁၅၃၈၀၁

# ပေါ့ပါးတောက်ပပြီး သယ်ဆောင်ရလွယ်ကူတဲ့ PJD 5123 projector



ViewSonic ရဲ့ PJD 5123 projector ဟာ စွမ်းဆောင်ရည်မြင့် SVGA 800×600 resolution နဲ့ 2700 ANSI lumens ၊ 3,000:1 dynamic contrast ratio ရှိတဲ့ DLP® projector ဖြစ်ပါတယ်။ ဒီ projector ဟာ multiple PC နဲ့ video input ရွေးချယ်နိုင်မှု၊ 1.1× manual optical zoom ၊ auto vertical keystone correction ၊ 120 Hz frame rate ရှိတဲ့ 3D-ready ၊ HD video ထောက်ပံ့ပေးနိုင်မှု၊ speaker စတဲ့ များပြားတဲ့ hardware နဲ့ software လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။

PJD 5133 ရဲ့ မီးလုံးက 180 watt ဖြစ်ပြီး normal mode မှာဆိုရင် နာရီ ၅,၀၀၀၊ eco-mode နဲ့ဆိုရင် နာရီ ၆,၀၀၀ သက်တမ်းရှိပြီး 6-segment RGBCYW color wheel ကို သုံးထားတာပါ။ သူ့မှာ 1W speaker တစ်လုံး၊ RGB input အတွက် 15-pin mini D-sub ၂ ခု၊ RGB output အတွက် 15-pin mini D-Sub တစ်ခု၊ component input အတွက် RCA jack တစ်ခု၊ S-video input အတွက်၊ 4-pin mini DIN တစ်ခု၊ audio input အတွက် 3.5 mm mini jack တစ်ခု၊ audio output အတွက် 3.5 mm mini jack တစ်ခုတို့ ပါဝင်ပါတယ်။

Throw distance 1.2m - 11m ရှိတဲ့ PJD 5123 ဟာ 284×82×234(mm) dimension ရှိကာ ၂.၆ ကီလိုဂရမ် အလေးချိန်ရှိတာကို တွေ့ရပါတယ်။ ပေါ့ပါးတဲ့ ဒီ PJD 5123 projector ဟာ ကျောင်းတွေ၊ ရုံးတွေ၊ မျက်နှာကျက်မှာ ချိတ်ဆွဲပြီးလည်း သုံးဖို့အဆင်ပြေပါတယ်။ ■

Royal Ayeyarwaddy CO LTD

၃၈၄၈၅၀ ၊ ၃၈၉၃၆၆ ၊ ၃၉၄၄၉၄

# i-mobile C-181



Dual CDMA 800 MHz handset ဖြစ်တဲ့ i-mobile C-181 ဖြစ်ပါတယ်။ Touch လုပ်ဆောင်ချက်ရတဲ့ သူ့ရဲ့ display က ၁.၇၇ လက်မအရွယ် TFT display ဖြစ်ပြီး 65k color ကို support လုပ်ကာ 160×128 resolution ရှိပါတယ်။ C-181 ဟာ 100×7×13.4mm dimension ရှိပြီး အလေးချိန် ၉၅ ဂရမ်ရှိပါတယ်။ Micro SD card support လုပ်ပေးနိုင်တဲ့ C-181 မှာ QWERTY keypad ပါဝင်ပြီး voice recorder လည်း ပါဝင်ပါတယ်။ ■

Telechoice by Same Sky Telecom

Mega Mobile Store

၀၉ ၇၃၁၅၃၈၀၁

# Epson K100 monochrome inkjet printer

Epson ရဲ့ K100 inkjet printer က laser printer တွေလိုပဲ print ထုတ်နှုန်း မြန်ဆန်ပါတယ်။ K100 က တစ်မိနစ်ကို ၁၆ ရွက်နှုန်း print ထုတ်ပေးနိုင်ပြီး ဖတ်ရှုံပဲထုတ်မယ့် draft mode ဆိုရင် တစ်မိနစ်ကို ၃၇ ရွက် ထုတ်ပေးနိုင်ပါတယ်။ K100 မှာ Epson ရဲ့ Micro piezo™ print head ကိုသုံးထားတာကြောင့် printer ကို ပိုပြီး ကြာရှည်စွာ အသုံးပြုနိုင်စေပါတယ်။



ဒီ printer မှာ အသုံးပြုထားတဲ့ မင်က Epson ရဲ့ DuraBrite black pigment မင် ဖြစ်ပြီး ရေစိုခံမင်လည်း ဖြစ်ပါတယ်။ K100 က laser printer တွေထက် power သုံးစွဲမှုလည်း နည်းတာကြောင့် power အတွက် ကုန်ကျစရိတ်လည်း သက်သာစေမှာပါ။ K100 မှာ ပါဝင်တဲ့ catridge က စာရွက်ရေ ၂,၀၀၀ print ထုတ်နိုင်ပြီး K100 ဟာ bi-directrional လည်း print ထုတ်ပေးနိုင်ပါတယ်။ Printer interface အနေနဲ့ USB 2.0 ရော ethernet ပါ ရပါတယ်။ K100 က အမြင့်ဆုံး print ထုတ်ပေးနိုင်တဲ့ resolution ကတော့ 1440×720 (dpi) ဖြစ်ပြီး သူက Windows XP / XP professional x64 edition / Vista / 7/ Mac 10.4.11 နဲ့ နောက်ပိုင်း version တွေနဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။ Dimension အနေနဲ့ 445mm×330mm×154mm ရှိကာ ၄.၆ ကီလိုဂရမ်အလေးချိန်ရှိပါတယ်။ ■

**Client Focus Technology Group CO LTD**

၅၃၁၀၄၃ ၊ ၅၃၁၀၄၄

# VA 1983W-LED monitor




ပါးလွှာတဲ့ အနားစောင်းတွေနဲ့ ၁၈.၅ လက်မ TFT active matrix LCD မျက်နှာပြင်နဲ့ VA 1938W-LED monitor ဖြစ်ပါတယ်။ Resolution က 1366×768 ဖြစ်ပြီး 16:9 aspect ratio ရှိပါတယ်။ အထင်ကြီးလောက်စရာ 10,000,000:1 dynamic contrast ratio ရှိတာကြောင့် ပုံရိပ်တွေကို ပိုမို အသေးစိတ်ပုံဖော်ပေးနိုင်ပါတယ်။ VA 1938W ဟာ 5ms response time ရှိပြီး anti-glare penel surface ဖြစ်ကာ 16.7 million color ကို support လုပ်ပေးပါတယ်။ မီးလုံးသက်တမ်းကတော့ အမြင့်ဆုံး နာရီ ၃၀,၀၀၀ ဖြစ်ပါတယ်။ သူက PC၊ Mac တို့နဲ့ compatible ဖြစ်ပြီး 1×15 pin mini D-sub (analog) ၊ 1×DVI-D (digital) ၊ power အတွက် 3-pin plug လည်း ပါဝင်ပါတယ်။

VA-1938W ရဲ့ မြင့်မားတဲ့ brightness (270 $cd/m^2$) နဲ့ 10,000,000 DCR တို့ကြောင့် အရောင်မှန်ကို ပြသပေးနိုင်ပြီး eco-mode ကလည်း power ကုန်ကျမှုကို လျှော့ပေးနိုင်ကာ backlight သက်တမ်းကိုလည်း ရှည်စေပါတယ်။ Dimension 440.3 (W) × 340 (A)×1779 (D) mm ရှိကာ 2.85 ကီလိုဂရမ်လေးတဲ့ VA 1938W LED monitor ဟာ Windows 7 certified ဖြစ်တဲ့အပြင် နံရံမှာလည်း ချိတ်ဆွဲလို့ ရပါသေးတယ်။ ■

**Royal Ayeyarwaddy CO LTD**

၃၈၄၈၅၀ ၊ ၃၈၉၃၆၆ ၊ ၃၉၄၄၉၄

# ViewSonic ရဲ့ ViewPad 4




Dimension 66x122x10mm ရှိပြီး ၁၄၃ ဂရမ်ရှိတဲ့ ViewSonic ရဲ့ ViewPad4 မှာ Qualcomm MSM 8255 1GHz processor ကို သုံးထားပါတယ်။ GSM နဲ့ WCDMA band (GSM quad-band, 850/900/1800/1900 UMTS band) ပေါ်မှာ အလုပ်လုပ်ပေးနိုင်တဲ့ device ဟာ အသစ် ထပ်မံထွက်ပေါ်လာနိုင်တဲ့ Android app တွေနဲ့ တွဲဖက်အသုံးပြုနိုင်အောင် Android OS Gingerbread ကို run ထားတဲ့အပြင် Flash 10.1 support လည်းပါဝင်ပါတယ်။

သူ့ရဲ့မျက်နှာပြင်ဟာ 800x480 resolution ရှိတဲ့ ၄.၁ လက်မအရွယ် TFT capacitive multi-touch screen ဖြစ်ပါတယ်။ ViewPad 4 ဟာ 720p HD video တွေကိုတောင် support လုပ်ပေးနိုင်ပါတယ်။ Memory အနေနဲ့ 512 MB RAM ၊ 2GB ROM ပါဝင်ပြီး micro SD card ကို 32 GB အထိ တပ်ဆင်အသုံးပြုလို့ရပါတယ်။ ViewPad 4 မှာ auto-focus ရတဲ့ 5MP rear camera နဲ့ VGA front-facing camera တို့ ပါဝင်ပါတယ်။ Bluetooth 3.0 ၊ Wi-Fi (802.11 b/g/n) ၊ AGPS support ပါဝင်တဲ့ GPS စနစ်၊ sensor တွေအပြင် video conferencing လည်း လုပ်လို့ရပါတယ်။ I/O port တွေအနေနဲ့ data transfer အတွက် micro USB port ၊ 3.5mm audio jack ၊ mini HDMI type D port တို့ပါဝင်ပြီး 1400 mAH Li-Polymer battery ကိုအသုံးပြုထားကာ micro USB ကတစ်ဆင့် ပြန်လည်အားသွင်းနိုင်ပါတယ်။

Royal Ayeyarwaddy CO LTD

၃၈၄၈၅၀ ၊ ၃၈၉၃၆၆ ၊ ၃၉၄၄၉၄

# Dell Alienware M14X laptop



အရွယ်အစား ၁၄.၁ လက်မရှိတဲ့ LED display screen နဲ့ Dell ရဲ့ Alienware M14X laptop ဖြစ်ပါတယ်။ M14X မှာ processor အနေနဲ့ Intel ရဲ့ Core i7 M2630 6M 2.0 GHz processor ကို အသုံးပြုထားပြီး graphic အနေနဲ့တော့ Nvidia Geforce GT555 (3GB) card ကို သုံးထားတာဖြစ်တဲ့အတွက် လုပ်ငန်းဆောင်တာတွေကို လျင်မြန်စွာ ပြုလုပ်ပေးနိုင်တဲ့အပြင် ကောင်းမွန်တဲ့ ပုံရိပ်အရည်အသွေးကို ရရှိစေနိုင်မှာဖြစ်ပါတယ်။ Genuine Windows 7 Premium ကို တင်ထားတဲ့ M14X မှာ DDR3 4 GB RAM နဲ့ 500 GB hard disk drive ကို အသုံးပြုထားပါတယ်။ Webcam ၊ DVD(read/write) ၊ RJ 45 ၊ HDMI ၊ card reader ၊ USB 3.0 ၊ VGA ၊ bluetooth စတာတွေ ပါဝင်တဲ့ Dell Alienware M14X ဟာ ပြည့်စုံကောင်းမွန်တဲ့ laptop တစ်လုံးလို့ ဆိုနိုင်ပါတယ်။

တန်ဖိုး ၁၄ သိန်း ၉ သောင်း ကျပ်ဝန်းကျင်

Thein Minn

၅၅၂၅၆၆

# Epson all-in-one color inkjet printer L200



Epson ရဲ့ L200 က print၊ scan နဲ့ copy function တွေရတဲ့ all-in-one color inkjet printer တစ်လုံးဖြစ်ပြီး သူက bi-directional printing လည်း လုပ်ပေးနိုင်ပါတယ်။ L200 ကနေ ရနိုင်တဲ့ အမြင့်ဆုံး print resolution က 5760×1440 dpi ဖြစ်ကာ scan function ရဲ့ optical resolution ကတော့ 600×1200 dpi ဖြစ်ပါတယ်။ L200 က USB 2.0 compatible ဖြစ်ကာ input data butter က 32 kilobytes ရှိပါတယ်။ L200 ဟာ intergrated ink tank ပါတဲ့ world fist printer ဖြစ်ကာ print head မှ မင်စက်အရွယ်အစား ၃ မျိုးထုတ်ပေးနိုင်တဲ့ droplet technology (VSDT) ပါတဲ့ Micro piezo™ print head ကို ထည့်သွင်းအသုံးပြုထားတာဖြစ်ပါတယ်။

L200 မှာ ဝါ၊ နီ၊ ပြာ၊ နက် မင်ဘူးတစ်စုံနဲ့ အနက်ရောင် မင်ဘူး ၂ ဘူးပါဝင်လို့ အဖြူ၊ အမည်း စာမျက်နှာ ၄,၀၀၀ ကို print ထုတ်ပေးနိုင်ပြီး color နဲ့ဆိုရင် စာမျက်နှာ ၆,၅၀၀ print ထုပ်ပေးနိုင်တယ်လို့ သိရပါတယ်။ L200 all-in-one မှာပါဝင်တဲ့ Epson ရဲ့ original ink tank ဟာ မင်ရည်ကုန်သွားရင်လည်း မင်ပြန်ဖြည့်ထည့်လို့ ရပါတယ်။ အဲဒီအခါမှာ မင်တွေ အငွေ့ပျံတာ၊ ခမ်းတာတွေ မဖြစ်အောင် မင်ဘူးတိုင်းကို ဖလင်ပြားနဲ့ ခြားထားပေးပါတယ်။

Printer ကို သယ်ဆောင်တဲ့နေရာမှာ ink tank ကနေ မင်ယိုဖိတ် မှုမရှိအောင်၊ printer ထဲကို မင်တွေ စီးဆင်းမှုမဖြစ်အောင် special choke valve ကို တပ်ဆင်ပေးထားတာ တွေ့ရပါ တယ်။ L200 ဟာ 135mm×228mm×487mm dimension ရှိကာ ၂.၈ ကီလိုဂရမ်အလေးချိန် ရှိပါတယ်။ ■

**Client Focus Technology Group CO LTD**

၅၃၁၀၄၃ ၊ ၅၃၁၀၄၄

# ViewSonic VFD 823-50 digital photo frame

Viewsonic ရဲ့ စလက်မအရွယ် TFT active LED မျက်နှာပြင်နဲ့ 800×600 resolution ရှိတဲ့ VFD 823-50 digital photo frame ဖြစ်ပါတယ်။ ဒီအမျိုးအစား resolution ကြောင့် တောက်ပပြီး ကြည်လင်တဲ့ ပုံရိပ်တွေကို ပြသပေးနိုင်ပါတယ်။ VFD 823-50 ဟာ 4:3 aspect ratio ရှိတာကြောင့် အထစ်အငေါ့မရှိတဲ့ digital ပုံရိပ်တွေကို ပြသပေးနိုင်ပါတယ်။ သူက SD\MMC\SDHC memory card reader တွေကိုလည်း support လုပ်ပေးနိုင်ပါတယ်။ JPEG photo format ကို support လုပ်ပေးနိုင်တဲ့ ဒီ photo frame ရဲ့ on-screen menu တွေဟာ အသုံးပြုရလွယ်ကူကာ ကိုယ်ပိုင် slide show တွေကိုလည်း ဖန်တီးပြင်ဆင်စေနိုင်ပါတယ်။



ဒီ photo frame မှာ calendar ၊ clock နဲ့ auto on/off လုပ်ဆောင်ချက်တွေပါဝင်ပြီး သူ့ရဲ့ ပါးလျ တောက်ပြောင်တဲ့ ပုံစံကြောင့် အိမ်ခန်းမှာပဲဖြစ်ဖြစ်၊ ရုံးခန်းမှာပဲ ဖြစ်ဖြစ် ဘယ်နေရာမှာမဆို ထားလို့သင့်တော်ပါတယ်။ သူက transition effect အမျိုးမျိုးနဲ့ အမြန်နှုန်းကိုလည်း ရွေးချယ်စေနိုင်တယ်။ Contract ratio ကတော့ 400:1 typ ရှိပါတယ်။ VFD 823.50 ရဲ့ အလေးချိန်က ၀.၄၅ ဂရမ်ဖြစ်ပြီး 8.5"×6.9"×9" dimension ရှိပါတယ်။ ■

**Royal Ayeyarwaddy CO LTD**

၃၈၄၈၅၀ ၊ ၃၈၉၃၆၆ ၊ ၃၉၄၄၉၄